Generation Wave

မျိုးဆက်သစ် လူငယ်များ အစည်းအရုံး

(အရေးပေါ် အခြေအနေအထူးထုတ်ပြန်ကြေငြာချက်)

မြန်မာနိုင်ငံအတွင်းယခုလက်ငင်းဖြစ်ပေါ်နေသောသဘာဝဘေးအန္တရာယ်အခြေအနေများအရေးကျွန်ုပ်တို့ Generationwave(မျိုးဆက်သစ်လူငယ်များအစည်းအရုံး) မှဤကြေငြာချက်ကိုထုတ်ပြန်လိုက်ပါသည်။

ယခုလ ၂ရက်နေ့ ညပိုင်းမှ၃ရက်နေ့ နေ့ လည်အထိအလွန်ပြင်းထန်စွာတိုက်ခတ်ကျရောက်ခဲ့သောအင်အားကြီး မုန်တိုင်းကြီးကြောင့်မြန်မာနိုင်ငံအတွင်းရှိဒေသအများအပြားတွင်ဆိုးရွားသောပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါသည်။၎င်းအဖြစ်ဆိုးကြီး ကြောင့်ဒေသခံပြည်သူများမှာမကြုံစဖူးဆိုးရွားပြင်းထန်သည့်ဘေးဒုက္ခအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့ နေရပြီးအရေးပေါ်ကယ်ဆယ် ကူညီမှုများအမြန်ဆုံးရရှိရန်လိုအပ်လျက်ရှိပါသည်။

ဤသို့ သောလက်ငင်းအခြေအနေများအပေါ်မှတည်၍ကျွန်ုပ်တို့ Generationwave(မျိုးဆက်သစ်လူငယ်များအစည်းအရုံး) အဖွဲ့ ဝင်လူငယ်များအနေဖြင့်ဘေးဒုက္ခကျရောက်ခံစားခဲ့ရသောဒေသများရှိပြည်သူများအတွက်တတ်နိုင်သမျှကူညီပံ့ပိုးမှုများပြုလုပ်သွား မည်ဖြစ်ပြီးနိုင်ငံတဝန်းလုံးရှိသံဃာကျောင်းသားလူငယ်များနှင့်နိုင်ငံရေးလှုပ်ရှားရေးအသင်းအဖွဲ့ များမှလည်းအစွမ်းကုန်ပါဝင်ကူညီဆောင်ရွက် ကြပါရန်လေးနက်စွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဤကဲ့သို့ ပြည်သူများကြုံတွေ့ ခံစားနေရသောဘေးဒုက္ခအန္တရာယ်များနှင့်ပတ်သက်၍တည်ဆဲအာဏာပိုင်များအနေဖြင့်အထူးကြီးလေးစွာ တာဝန်ရှိသည်ဖြစ်ရာနအဖစစ်အုပ်စုအနေဖြင့်ဘေးဒုက္ခခံပြည်သူများအတွက်လိုအပ်သည့်ကယ်ဆယ်ကူညီရေးလုပ်ငန်းစဉ်များကိုချက်ချင်း ထိရောက်စွာဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ Generationwave(မျိုးဆက်သစ်လူငယ်များအစည်းအရုံး)မှလေးနက်စွာတောင်းဆိုလိုက်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ကြီးနှင့်နိုင်ငံတကာအစိုးရများအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့်နိုင်ငံတကာရှိမြန်မာအဖွဲ့ အစည်းအသီးသီးမှ လည်းမြန်မာနိုင်ငံအတွင်းသို့ အရေးပေါ်အကူအညီများအမြန်ဆုံးပံ့ပိုးပေးကြပါရန်လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ထိုသို့ နိုင်ငံတကာအကူအညီအဖွဲ့ အစည်းများတိုက်ရိုက်ထိရောက်လျှင်မြန်စွာပံ့ပိုးကူညီနိုင်ရန်အတွက်နအဖအနေဖြင့် အနှောင့်အယှက်ချွင်းချက်မရှိပူးပေါင်းဆောင်ရွက်သွားရန်တာဝန်ရှိကြောင်းလည်းအသိပေးလိုက်သည်။

၎င်းတို့ အပြင်အထူးအရေးကြီးသောအချက်တခုမှာနိုင်ငံအတွင်းဆိုးရွားပြင်းထန်သောဘေးအန္တရာယ်ဆိုးများကျရောက်နေပြီးပြည်သူအများ ဒုက္ခကြုံတွေ့ နေရသည်ကိုနအဖမှထောက်ထားငဲ့ညှာခြင်းမရှိပဲ၎င်းတို့ တဖက်သတ်ရေးဆွဲထားသည့်ဖွဲ့ စည်းပုံအခြေခံဥပဒေ အတည်ပြုရေးကိုသာအခွင့်ကောင်းယူ၍တဖွတ်ဖွတ်ဆိုးလုပ်ဆောင်သွားမည်ဆိုပါကမြန်မာနိုင်ငံတဝန်းလုံးရှိပြည်သူများ၊ရဟန်းတော်များ၊ ကျောင်းသားလူငယ်များနှင့်ပြည်သူ့ တပ်မတော်သားများအနေဖြင့်ပြည်သူ့ အကျိုးမသယ်ပိုးသောပြည်သူ့ ရန်သူအာဏာရှင်ဆိုးများကို တခဲနက်ထဲကြက်ခြေခတ်ကန့် ကွက်၍ရဲရဲတင်းတင်းဆန္ဒထုတ်ဖော်တို့ ပြန်တော်လှန်သွားကြရန်လည်းလေးလေးနက်နက်တိုက်တွန်း နှိုးဆော်ကြေငြာအပ်ပါသည်။

Generation Wave
မျိုးဆက်သစ် လူငယ်များ အစည်းအရုံး